LGL Dept.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် K 250
နှစ်ရာ့ငါးဆယ်ကျပ်

**" 0.6/1KV Cu/XLPE/PVC 1C x 70mm2 အရှည်(၂၃၄)မီတာနှင့်
1C x 6mm2 Earth Cable အရှည်(၁,၀၀၀)မီတာရှိ ကြိုးများ ရောင်းချခြင်းဆိုင်ရာ
နှစ်ဖက်သဘောတူကတိစာချုပ် "**

နေ့စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ လ(  )ရက်

-------------------------------------------မြို့နယ်။

ရောင်းချသူ ။ ။ Myanmar Padauk Power Co., Ltd. (ကိုယ်စား)
(ပထမတစ်ဖက်) ဦးစိုးမင်းနိုင်(၁၂/ကခက(နိုင်)၀၈၆၆၈၁)
အမှတ်(၅၁၉/၅၂၁)၊ အောက်ပုဇွန်တောင်လမ်း၊ (၅)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၅၇၈၈၈၈၂။

နှင့်

ဝယ်ယူသူ ။ ။ Winning Way Co., Ltd. (ကိုယ်စား)
(ဒုတိယတစ်ဖက်) ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)
အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊
စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(အထက်အမည်ပါ ရောင်းချသူ(ပထမတစ်ဖက်) Myanmar Padauk Power Co., Ltd. နှင့် ဝယ်ယူသူ (ဒုတိယတစ်ဖက်) Winning Way Co., Ltd. ဟုဆိုရာတွင် ကုမ္ပဏီများနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ အထက်အမည်ပါရောင်းချသူသည် မိမိတရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး အရည်အသွေး၊ စံချိန်စံနှုန်းများနှင့် ကိုက်ညီသည့် ပူးတွဲ Quotation တွင်ဖော်ပြထားသည့် ကိုးရီးယားနိုင်ငံထုတ်၊ Copper Cable အမျိုးအစား 0.6/1KV Cu/XLPE/PVC 1C x 70mm2 အရှည်(၂၃၄)မီတာနှင့် 1C x 6mm2 Earth Cable အရှည်(၁,၀၀၀)မီတာရှိ ကြိုးများကို စုစုပေါင်း မြန်မာကျပ်-၁၇,၇၈၁,၂၂၈/- (မြန်မာကျပ်ငွေတစ်ရာခုနှစ်ဆယ့်ခုနှစ်သိန်းရှစ်သောင်းတစ်ထောင်နှစ်ရာနှစ်ဆယ့်ရှစ်တိတိ)ဖြင့် လွှဲပြောင်း ရောင်းချလိုကြောင်း ဝယ်ယူသူသို့ ပြောဆိုကမ်းလှမ်းရာ ဝယ်ယူသူမှလည်း အဆိုပါပစ္စည်းများကို အဆိုပါတန်ဖိုးငွေဖြင့် ဝယ်ယူရန် သဘောတူပါသည်။

၂။ ရောင်းချသူမှ အရောင်းအဝယ်ပြုလုပ်သည့် 0.6/1KV Cu/XLPE/PVC 1C x 70mm2 အရှည်(၂၃၄)မီတာနှင့် 1C x 6mm2 Earth Cable အရှည်(၁,၀၀၀)မီတာရှိ ကြိုးများကို ဝယ်ယူသူ (ဒုတိယတစ်ဖက်)ထံသို့ လက်ရောက်ပေးအပ်၍ ဝယ်ယူသူမှ စစ်ဆေးအတည်ပြုပြီးသည့်နေ့ရက်တွင် မြန်မာငွေကျပ်-၁၇,၇၈၁,၂၂၈/- (မြန်မာကျပ်ငွေတစ်ရာခုနှစ်ဆယ့်ခုနှစ်သိန်းရှစ်သောင်းတစ်ထောင်နှစ်ရာနှစ်ဆယ့်ရှစ်တိတိ)ကို ပေးချေရန် နှစ်ဖက်သဘောတူညီကြပါသည်။ ရောင်းချသူသည် မိမိရောင်းချသည့် အထက်အပိုဒ်(၁)ပါ ကြိုးများကို ယနေ့ စာချုပ်ချုပ်ဆိုသည့် (  )ရက်အတွင်း ဝယ်ယူသူသို့ လက်ရောက်ပေးအပ်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

၃။ ရောင်းချသူသည် မိမိရောင်းချသည့် 0.6/1KV Cu/XLPE/PVC 1C x 70mm2 အရှည်(၂၃၄)မီတာနှင့် 1C x 6mm2 Earth Cable အရှည်(၁,၀၀၀)မီတာရှိ ကြိုးများအားလုံးသည် အရည်အသွေး၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ပစ္စည်းများဖြစ်ကြောင်းနှင့် စျေးနှုန်းမှန်ကန်ကြောင်း အာမခံပါသည်။ အကယ်၍ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်း၊ စျေးနှုန်းတို့နှင့် ကွဲလွဲမှုများရှိလာပါက အဆိုပါကွဲလွဲမှုများအတွက် နစ်နာကြေးငွေများကို ရောင်းချသူမှ ဝယ်ယူသူသို့ ပေးလျော်ရမည်။

စာမျက်နှာ - ၂ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅၀ကျပ် K 250
ငွေနှစ်ရာ့ငါးဆယ်ကျပ်



၄။ ရောင်းချသူသည် မိမိရောင်းချသည့် ကိုးရီးယားနိုင်ငံထုတ်၊ Copper Cable အမျိုးအစား 0.6/1KV Cu/XLPE/ PVC 1C x 70mm2 အရှည်(၂၃၄)မီတာနှင့် 1C x 6mm2 Earth Cable အရှည်(၁,၀၀၀)မီတာရှိ ကြိုးများသည် (  -  -၂၀၂၄)ရက်နေ့မှ (တစ်)နှစ်တိတိ အာမခံပါသည်။ အဆိုပါအာမခံကာလ (တစ်)နှစ်အတွင်း 0.6/1KV Cu/ XLPE/PVC 1C x 70mm2 အရှည်(၂၃၄)မီတာနှင့် 1C x 6mm2 Earth Cable အရှည်(၁,၀၀၀)မီတာရှိ ကြိုးများသည် (သုံးစွဲသူ၏ ပေါ့ဆမှုကြောင့်နှင့် သဘာဝဘေးအန္တရာယ်မှအပ) ချို့ယွင်းပျက်စီးမှုများရှိလာပါက ချို့ယွင်းပျက်စီးမှုရှိသည့်နေ့မှ (၇)ရက်အတွင်း အဆိုပါပျက်စီးချို့ယွင်းမှုရှိသည့်ပစ္စည်းများနှင့် အမျိုးအစား၊ အရည်အသွေးတူညီသည့်ပစ္စည်းများဖြင့် ရောင်းချသူမှ ဝယ်ယူသူသို့ ပြန်လည်ပေးလျော်ပါမည်။

၅။ ရောင်းချသူသည် မိမိရောင်းချသည့် 0.6/1KV Cu/XLPE/PVC 1C x 70mm2 အရှည်(၂၃၄)မီတာနှင့် 1C x 6mm2 Earth Cable အရှည်(၁,၀၀၀)မီတာရှိကြိုးများနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိ၏ကုန်ကျစရိတ်ဖြင့် ပြီးဆုံးပြေလည်အောင် တာဝန်ယူဖြေရှင်းပေးပါမည်။ အကယ်၍ မပြီးပြတ်ဘဲ ဝယ်ယူသူ၌ နစ်နာမှုများရှိလာပါက အဆိုပါနစ်နာမှုများအတွက် ရောင်းချသူမှ ဝယ်ယူသူသို့ ပေးလျော်ရမည်။

အထက်ပါစကားရပ်များကို ရောင်းချသူ(ပထမတစ်ဖက်) Myanmar Padauk Power Co., Ltd. နှင့် ဝယ်ယူသူ (ဒုတိယတစ်ဖက်) Winning Way Co., Ltd. တို့သည် သေချာစွာ ဖတ်ရှုသိရှိ နားလည်သဘောပေါက်ကြပြီး မိမိတို့၏ လွတ်လပ်သောပင်ကိုယ်စိတ်ဆန္ဒများအရ သဘောတူညီကြသဖြင့် ဤ "စာချုပ်"ကို အောက်ပါအသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

<u>ရောင်းချသူ(ပထမတစ်ဖက်)</u>   <u>ဝယ်ယူသူ(ဒုတိယတစ်ဖက်)</u>

Myanmar Padauk Power Co., Ltd. (ကိုယ်စား)
ဦးဖိုးမင်းနိုင်(၁၂/ကခက(နိုင်)၀၈၆၆၈၁)

Winning Way Co., Ltd. (ကိုယ်စား)
ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)

<u>အသိသက်သေများ</u>

| | | | |
|---|---|---|---|
| လက်မှတ် | ---------------- | လက်မှတ် | (signature) |
| အမည် | ---------------- | အမည် | Kaung Myat Kyaw |
| မှတ်ပုံတင် | ---------------- | မှတ်ပုံတင် | 12/KaMaYa (N) 060684 |
| နေရပ် | ---------------- | နေရပ် | 28/4 U Htun Lin Chan st, |
| | ---------------- | | Kamayut, Yangon. |